ရခိုင်ပြည်အမျိုးသားကောင်စီ

Arakan National Council

Head Office, Email: anc.hq1@gmail.com


# နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ သံတမန်များအား အသိပေးပြောကြားချက်နှင့်ပတ်သက်၍ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) ၏ ထုတ်ပြန်ကြေငြာချက်

နေ့စွဲ - ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်

၂၀၁၇ ခုနှစ်၊ စက်တင်ဘာ (၁၉) ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ သံတမန်များအား အသိပေးပြောကြားချက်တွင်ပါရှိသည့် သဘောထားအမြင်နှင့် ရပ်တည်ချက်များသည် အားလုံးအတွက် အပြုသဘောဆောင်ပြီး သမာသမတ်ကျသည့်အတွက် ရခိုင်ပြည်သူလူထုကိုယ်စား ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကျေးဇူးအထူးတင်ရှိပါသည်။

သို့ရာတွင် ယခုဖြစ်ပွါးနေသော ပဋိပက္ခမှာ ရခိုင်အမျိုးသားသက်သက်နှင့်သာ သက်ဆိုင်ခြင်း မဟုတ်သလို ရခိုင်နှင့်ဘင်္ဂါလီ/မူဆလင် လူမှုအသိုင်းအဝိုင်းနှစ်ခုကြား ဘာသာရေး၊ လူမျိုးရေး မုန်းတီးမှုကြောင့် ဖြစ်ပွါးနေသော ပဋိပက္ခလည်းမဟုတ်ပါ။ တနိုင်ငံလုံး၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတို့ကို ထိပါးနေသော တရားမဝင်လူဝင်မှုနှင့် ဆက်စပ်ဖြစ်ပေါ်လာသည့် နယ်မြေချဲ့ထွင်ရေးဝါဒနှင့် အကြမ်းဖက်ဝါဒသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရခေါင်းဆောင်များအနေဖြင့် ရခိုင်အမျိုးသားများနှင့်သာ သက်ဆိုင်ပြီး ရခိုင်အမျိုးသားတို့၏ ဘာသာရေး၊ လူမျိုးရေး အစွန်းရောက်မှုကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခတခုအဖြစ် အမြင်လွဲမှားမှုမျိုးကိုဖြစ်ပေါ်စေမည့် အသုံးအနှုန်းမျိုးကို တရားဝင်ဥပဒေပြု၍ ထိန်းချုပ်ပေးစေလိုပါသည်။ ဥပမာအားဖြင့် -

- ရခိုင်အရေးအခင်း၊
- ရခိုင်-မူဆလင်/ဘင်္ဂါလီ အရေးအခင်း၊
- ရခိုင်-မူဆလင်/ဘင်္ဂါလီ ပဋိပက္ခ၊
- ရခိုင်-မူဆလင်/ဘင်္ဂါလီ ပြဿနာ၊
- ရခိုင်နှင့် မူဆလင်/ဘင်္ဂါလီ အသိုင်းအဝိုင်းကြားတွင် ဖြစ်ပွါးသော အရေးအခင်း/ပဋိပက္ခ/ပြဿနာ စသည့်အသုံးအနှုန်းများကို ရှောင်ရှား၍
- ရခိုင်ပြည်မြောက်ပိုင်းရှိ တရားမဝင် လူဝင်မှုပြဿနာ / အကြမ်းဖက်ဝါဒနှင့် နယ်မြေချဲ့ထွင်ရေးဝါဒ ပြဿနာ ဟု သုံးစွဲသင့်ပါသည်။

ဤပြဿနာအား ကိုင်တွယ်ဖြေရှင်းရာတွင်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရှေ့ရှု၍ ဒေသခံလူထုက တရားဝင်ရွေးကောက်တင်မြှောက်ထားသည့် ပါတီကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်တွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများ၏ သဘောထားအမြင်ကို အလေးအနက်ထားပြီး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန်လည်း လမ်းဖွင့်ထားဖို့ မျှော်လင့်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)